ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၇၃ / ၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ပထမဝါဆို လဆန်း ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

**အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ**

**(Joint Committee on ASEAN Inter-Parliamentary Assembly-JCAIPA) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်သည် အာဆီယံဒေသတွင်း လွှတ်တော်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၇-ခ နှင့် အညီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် **အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly-JCAIPA)** ကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) ဦးချစ်ဆွေ | ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၀) | ဥက္ကဋ္ဌ |
| (ခ) ဦးအေးချမ်း | လှိုင်သာယာ (အရှေ့) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) ဦးဆလိုင်းအောင်ပြည့် | တီးတိန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) ဒေါက်တာမျိုးအောင် | တောင်ဥက္ကလာပမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) ဒေါ်အေးမြမြကြိုင် | သာကေတမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) ဦးနေလင်းအောင် | မြောက်ဥက္ကလာပမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) ဒေါ်အိဖြူလွင် | ဂန့်ဂေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) ဦးရခွီဖုန် (Rakwi Pung) | ကချင်ပြည်နယ်၊ကိုယ်စားလှယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဈ) ဦးကြည်လင်းထက် | ရန်ကုန်တိုင်းဒေသကြီး၊ ကိုယ်စားလှယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ည) ဦးအောင်မင်းနိုင် | ချင်းပြည်နယ်၊ ကိုယ်စားလှယ်အမှတ် (၉) | အဖွဲ့ဝင် |
| ( ဋ ) ဒေါက်တာခိုင်ခိုင်ဆု | ရခိုင်ပြည်နယ်၊ ကိုယ်စားလှယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| ( ဌ ) ဗိုလ်မှူးချုပ်ရဲလွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဍ ) ဗိုလ်မှူးချုပ်သန်းထွန်းအောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဎ ) ဗိုလ်မှူးတင့်လွင်အေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) ဗိုလ်ကြီးဒေါ်စုမြတ်ဝေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (တ) ဦးစန်းမြင့် | မြစ်သားမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုလွှတ်တော်နှင့် အာဆီယံပါလီမန်များညီလာခံ (ASEAN Inter Parliamentary Assembly - AIPA) တို့အကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်နှင့် အာဆီယံပါလီမန်များညီလာခံအဖွဲ့ဝင်လွှတ်တော်များ၊ အာဆီယံပါလီမန်များညီလာခံ၏ လေ့လာသူ လွှတ်တော်များအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(ဂ) အာဆီယံပါလီမန်များညီလာခံ၏ အဖွဲ့ဝင်လွှတ်တော်များ၊ အာဆီယံပါလီမန်များ ညီလာခံ၏ လေ့လာသူ လွှတ်တော်များနှင့် စည်းလုံးညီညွတ်မှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးစွာဆက်ဆံမှုတို့ တိုးတက်လာရေးကို အလေးထားဆောင်ရွက်ခြင်း၊

(ဃ) အာဆီယံပါလီမန်များညီလာခံဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခြင်း၊ မြန်မာလွှတ်တော်ကိုယ်စားပြု၍ အစီရင်ခံစာများ တင်ပြဆွေးနွေးခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) ဤပူးပေါင်းကော်မတီဝင်များက အဖွဲ့ဝင်အဖြစ်ပါဝင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံပါလီမန်များ အထွေထွေညီလာခံနှင့် အခြားဆက်စပ် အစည်းအဝေးများ တက်ရောက်ခဲ့မှု အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(စ) အထွေထွေညီလာခံမှ အတည်ပြုချမှတ်ထားသည့် မူဝါဒများ၊ ဥပဒေပြုရေးဆိုင်ရာ ကနဦးဆောင်ရွက်ချက်များ၊ ဆုံးဖြတ်ချက်များ၊ အစီရင်ခံစာများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ဆောင်ရွက်ခြင်း၊

(ဆ) အပိုဒ် (စ) ပါ ကိစ္စရပ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်ပြခြင်းနှင့် ယင်းဆောင်ရွက်မှုကို အာဆီယံပါလီမန်များညီလာခံသို့ အသိပေးအကြောင်းကြားခြင်းကို ဆောင်ရွက်ခြင်း၊

(ဇ) ကော်မတီလုပ်ငန်းများအတွက် ပြည်ထောင်စုလွှတ်တော်ရုံးမှ တစ်ဆင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ ကော်မတီအဖွဲ့ဝင်ဦးရေတိုးခြင်း၊ လျှော့ခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းများအတွက် နာယကသည် လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၄။ ကော်မတီ၏ သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ် သတ်မှတ်သည်။

၅။ ကော်မတီ၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံး AIPA/IPU Myanmar National Secretariat (နိုင်ငံတကာဆက်ဆံရေးဌာန) က တာဝန်ယူဆောင်ရွက်ရမည်။

(ပုံ)အောင်လင်းဒွေး

နာယက